2007 ဖေဖော်ဝါရီလ (၂၀)ရက်နေ့၊ ယနေ့သည် ချင်းအမျိုးသားတို့၏ (၅၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အခါသမယ ဖြစ်ပါသည်။ ချင်းပြည်နယ်အတွင်းနေထိုင်ကြသော ချင်းအမျိုးသားများ၊ မြန်မာနိုင်ငံအနှံ့အပြားနေထိုင်ကြသော ချင်းအမျိုးသားများ၊ အိမ်နီးနားချင်းနယ်စပ်ဒေသများမှအစ နိုင်ငံတကာတွင်ပြန့်နှံ့ရောက်ရှိနေကြသော ချင်းအမျိုးသားထုတရပ်လုံးအနေနှင့် ဤချင်းအမျိုးသားနေ့ကို မိမိတို့၏ အခြေအနေ အချိန်အခါ နေရာဒေသပေါ်မူတည်ပြီး ကျင်းပကြမည်ဖြစ်ပါသည်။ သို့ရာတွင် ယနေ့ အခြေအနေအရ ချင်းပြည်နယ်နှင့် မြန်မာပြည်တွင် ချင်းအမျိုးသားနေ့ကျင်းပခွင့်ကို နည်းမျိုးစုံဖြင့် ပိတ်ပင်ခြင်းခံနေရသည်မှာ အလွန်ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ထို့ကြောင့် န.အ.ဖ စစ်အုပ်စုနှင့် အာဏာပိုင်များ၏ လုပ်ရပ်ကို ကျွန်ုပ်တို့အနေနှင့် ဆန့်ကျင်ကန့်ကွက် ရှုံ့ချပါသည်။

ချင်းအမျိုးသားနေ့သည် ချင်းလူမျိုးများနှင့် သက်ဆိုင်သော အမျိုးသားနေ့ဖြစ်သလို ချင်းပြည်နယ်အတွင်းနေထိုင်ကြသော ချင်းပြည်နယ်သားများအားလုံးနှင့် သက်ဆိုင်သောနေ့ဖြစ်ပါသည်။ ဤချင်းအမျိုးသားနေ့သည် ချင်းလူမျိုးအားလုံး၏ သွေးစည်းညီညွတ်မှုကို ဖေါ်ဆောင်သော နေ့ဖြစ်ပါသည်။ချင်းအမျိုးသားနေ့သည် ကမ္ဘာပေါ်တွင် ကိုယ်ပိုင်စာပေ၊ စာ၊ စကား၊ ယဉ်ကျေးမှုရှိခြင်း၊ ကိုယ်ပိုင်ပြဋ္ဌါန်းပိုင်ခွင့်ရှိခြင်းစသည့်ကိုယ်ပိုင်နယ်မြေရှိသော ကမ္ဘာ့လူမျိုးများစာရင်းဝင်ဖြစ်ခြင်းကို ဖေါ်ထုတ်လျက်ရှိသော နေ့ဖြစ်ပါသည်။

သမိုင်းကြောင်းကို အကျဉ်းချုပ်ဖေါ်ပြရမည်ဆိုပါလျှင် ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီ နှစ်ပေါင်းများစွာကပင် လျှင် တိုင်းရင်းသားလူမျိုးအသီးသီးသည် သီးခြားစီ၊ လွတ်လပ်စွာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော တိုင်းနိုင်ငံ၊ နယ်မြေ ဒေသအသီးသီးဖြင့် နေထိုင်ကြသော ဒေသများဖြစ်ကြပါသည်။ ဗမာဘုရင်နှင့် ဗမာဘုရင့်နိုင်ငံတော်၊ မွန်ဘုရင်နှင့် မွန်ဘုရင့်နိုင်ငံတော်၊ ရခိုင်ဘုရင်နှင့် ရခိုင်ဘုရင့်နိုင်ငံတော်၊ သျှမ်း၊ ချင်း၊ ကချင်၊ ကရင် ၊ ကယား စသည်ဖြင့် စော်ဘွား၊ ဒူးဝါး၊ တောင်ပိုင် စသည်ဖြင့် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကျဋ္ဌာန်းဖြင့် နေထိုင်ခဲ့ကြပါသည်။

ချင်းလူမျိုးများသည် မိမိတို့၏ မျိုးနွယ်စုနှင့် နယ်မြေပေါ်မူတည်ပြီး မိမိတို့ကိုယ်ပိုင်အခေါ်အဝေါ်တစ်မျိုးစီရှိကြပါသည်။ နယ်ချဲ့ကိုလိုနီဗြိတိသျှတို့သည် မြန်မာနိုင်ငံကို စစ်ပွဲအကြိမ်ကြိမ်ဆင်နွဲကာ တဆင့်ဆင့်သိမ်းပိုက်လာရာတွင် ၁၈၈၅ခုနှစ်တွင် ဗမာဘုရင့်နိုင်ငံ၊ မန္တလေးနေပြည်တော်ကို သိမ်းပိုက်နိုင်ခဲ့သည်။ အင်္ဂလိပ်တို့သည် တိုက်ပွဲပေါင်းများစွာကို တိုက်ပြီး ၁၈၈၉ခုနှစ်ကျမှ ချင်းတောင်တန်းဒေသကို သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

အင်္ဂလိပ်ကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရယူရန်အတွက် တိုင်းရင်းသားအသီးသီးသည် မိမိဒေသ အလိုက် လှုပ်ရှားခဲ့ကြသည်။ တိုင်းရင်းသားအသီးသီးသည် စုပေါင်းပြီးအတူလွတ်လပ်ရေးကို ရယူကြပြီး ပြည်ထောင်စုနိုင်ငံတော် ထူထောင်နိုင် နိုင်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းမှစည်းရုံးခဲ့သောကြောင့် ၁၉၄၇ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် သျှမ်းပြည်၊ ပင်လုံမြို့၌ ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။ ဗမာအစိုးရကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းမှ လက်မှတ်ထိုးခဲ့ပြီး၊ သျှမ်း၊ ကချင်၊ ချင်း စော်ဘွားများက သဘောတူလက်မှတ်ထိုးခဲ့ကြပါသည်။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၄)ရက်နေ့မှစ၍ ကမ္ဘာပေါ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူ၍ ပေါ်ထွန်းလာခြင်း ဖြစ်ပါသည်။ ချင်းလူမျိုးများသည် မိမိတို့၏ ပိုင်နက် နယ်မြေများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်ထောင်စု ဝင်နယ်မြေ အဖြစ် သဘောတူခွင့်ပြု ကျေညာခြင်းဖြစ်ပါသည်။

ချင်းလူမျိုးတို့၏ ရှေးမူလအုပ်ချုပ်ရေးစနစ်သည် စော်ဘွား၊ တောင်ပိုင်များဖြင့် အုပ်ချုပ်သော လူမှုရေးစနစ်ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပါဝင်လာပြီး၊ မြန်မာနိုင်ငံတွင် ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ရန်ဖြစ်လာသောအခါ ချင်းလူမျိုးတို့၏ အနာဂတ်အုပ်ချုပ်ရေးစနစ်ကို မိမိတို့ကိုယ်တိုင်က ဆုံးဖြတ်ရွေးချယ်ရန်ဖြစ်လာပါသည်။ ထို့ကြောင့် ၁၉၄၈ ဖေဖော်ဝါရီလ (၁၇) မှ (၂၀)အထိ ချင်းပြည်နယ်မြောက်ပိုင်း၊ ဖလမ်းမြို့တွင် ချင်းအမျိုးသားညီလာခံကြီးတရပ်ကို ကျင်းပခဲ့ပြီး ချင်းပြည်သူလူထုတရပ်လုံး၏ ဆန္ဒကို ရယူခဲ့ပါသည်။ ဤလူထုအစည်းအဝေးကြီးတွင် လူငါးထောင်ကျော်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းမြန်မာနိုင်ငံတွင် လူအများဆုံးပါဝင်သော လူထုအစည်းအဝေးကြီးဖြစ်သည်ဟုထိုစဉ်က ဆိုကြပါသည်။ ပြည်သူလူထု၏ ဆန္ဒသဘောထားအမှန်ကို ဒီမိုကရေစီနည်းအရ ဖေါ်ထုတ်သော ညီလာခံကြီးဖြစ်သည်ဟု သမိုင်းတင်အပ်ပါသည်။

ဤချင်းအမျိုးသားညီလာခံကြီးသည် ချင်းလူမျိုးများ၏ သမိုင်းတွင် အလွန်အရေးကြီးပြီး မေ့ပျောက်၍ လုံးဝမရနိုင်သော နေ့တနေ့ဖြစ်သောကြောင့် ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကို ချင်းအမျိုးသားနေ့အဖြစ်သတ်မှတ် ကျင်းပရခြင်းဖြစ်ပါသည်။ ချင်းအမျိုးသားနေ့သည် ချင်းလူမျိုးတို့၏ ကိုယ်ပိုင်နယ်မြေများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပေါင်းစည်းခြင်း၊ အုပ်ချုပ်ရေးစနစ်ကို ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ရန်ဆုံးဖြတ်ခြင်းဟူသော အနှစ်သာရနှစ်ရပ်ကို ဖေါ်ပြလျက်ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ထူထောင်ပြီးသည့် နောက်ပိုင်း ချင်းလူမျိုးတို့သည် မိမိတို့၏ ကိုယ်ပိုင်ရပိုင်ခွင့်များ၊ ကိုယ်ပိုင်ပြဌာန်းခွင့်များ၊ တန်းတူရည်တူ ရပိုင်ခွင့်များတစတစ ဆုံးရှုံးလျက်ရှိနေပြီး၊ ပင်လုံစာချုပ်၏ အနှစ်သာရများကို လက်တွေ့တွင်မခံစားရပါ။

ထို့အပြင်စစ်အာဏာရှင်များ၏ နှစ်ပေါင်းလေးဆယ်ကျော်အုပ်ချုပ်ဖိနှိပ်မှုအောက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံသားများ အားလုံး လူ့အခွင့်အရေးများအားလုံး ဆုံးရှုံးလျက်ရှိပါသည်။ တိုင်းရင်းသားများအားလုံးသည်လည်း မိမိတို့၏ ရိုးရာ၊ စာပေ၊ ယဉ်ကျေးမှုများကို စနစ်တကျ ဖျက်ဆီးခြင်းခံနေရပါသည်။ တိုင်းရင်းသားလူမျိုးများ တိမ်ကောပပျောက်သွားမည့်အခြေအနေအထိ စိုးရိမ်နေရပါသည်။ ထို့အပြင် မိမိတို့၏ ဘိုးဘွားပိုင်နယ်မြေများကို မတရားအသိမ်းခံရခြင်း၊ ရွှေ့ပြောင်းနှင်ထုတ်ခံရခြင်း၊ မူလပိုင်နက်နယ်မြေ၊ နယ်နိမိတ်များကိုလည်း ကြိုက်သလို ခွဲခြားစိတ်ဖြာခြင်းများခံနေရပါသည်။

ချင်းလူမျိုးများသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုသာ လိုလားကြပါသည်။ စစ်အာဏာရှင်လက်အောက်တွင်မနေနိုင်ဘဲ မိမိတို့၏ ဒေသများမှ အတင်းအဓမ္မထွက်ခွါ နေရပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင်ပြန့်နှံ့ရောက်ရှိနေရပါသည်။

စစ်အာဏာရှင်များသည် ပြည်ပသို့ထွက်ခွါသွားသောသူများနှင့် ပြည်ပတွင်မွေးဖွားသော သားသမီးများကို နိုင်ငံသားအခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးများကို လုံးဝအသိအမှတ်ပြုပေးခြင်းမရှိတော့ပါ။ ချင်းလူမျိုးများသည် လူ့အခွင့်အရေး၊ တိုင်းရင်းသားတို့၏ မူလရပိုင်ခွင့်များဆုံးရှုံးလျက်ရှိပါသည်။

နိုင်ငံတကာရောက်ချင်းလူမျိုးတို့သည် မည်သည့်နိုင်ငံသားပင်ဖြစ်စေ၊ ချင်းလူမျိုးဖြစ်ခြင်းအခွင့်အရေးကို တသက်လုံး ဘိုးစဉ်ဘောင်ဆက် ခံစားပိုင်ခွင့်ရှိပါသည်။ ထို့အပြင် ထိုသားစဉ်မြေးဆက်သည် မိမိတို့၏ မူလတိုင်းနိုင်ငံဖြစ်သော ချင်းပြည်ဒေသများကို ခံစားပိုင်ခွင့်ရှိပါသည်။ မြန်မာနိုင်ငံအနှံ့အပြားနှင့် နိုင်ငံတကာတွင် ပြန့်နှံ့ရောက်ရှိနေကြသော ချင်းလူမျိုးများ အားလုံးသည်မိမိတို့၏ အခြေအနေအရပ်ရပ်ပေါ်တွင်မူတည်ပြီး လူမှုအဖွဲ့အစည်း၊ အသိုင်းအဝိုင်းများ၊ Community and Society များကိုဖွဲ့စည်းကြပြီး မိမိတို့၏ လူမျိုး၊ စာ၊ စကား၊ ယဉ်ကျေးမှုများကို ထိမ်းသိမ်းထားလျက်ရှိပါသည်။

ထို့အပြင်ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စစ်အာဏာရှင်အုပ်စု အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေး၊ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ လူ့အခွင့်အရေးတန်းတူရရှိရေးအတွက် မိမိတို့၏ တက်စွမ်းသမျှဖြင့် အဖက်ဖက်မှ ပါဝင်လျှက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒုတိယလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ချင်းလူမျိုးများ၊ အဖွဲ့အစည်းများ ပါဝင်လျက်ရှိပါသည်။

ဒီမိုကရေစီတော်လှန်ရေးကာလ ရှည်ကြာသလို မိမိတို့၏ သားစဉ်မြေးဆက်လက်ဆင့်ကမ်းကာ သမိုင်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြပါသည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိ ချင်းလူမျိုးများအနေဖြင့် ၂၀၀၇ ဖေဖေါ်ဝါရီလ (၂၀)ရက်နေ့တွင် ကျရောက်သော (၅၉) နှစ်မြောက် ချင်းအမျိုးသားနေ့ကျေညာစာတမ်းကို အောက်ပါအတိုင်းထုတ်ပြန်ကျေညာ အပ်ပါသည်။

(၁) ချင်းလူမျိုးများသည် သားစဉ်မြေးဆက် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူမျိုးရေးအရ တန်းတူအခွင့်အရေးရှိ၍ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိရမည်။

(၂) ချင်းလူမျိုးများသည် နိုင်ငံတကာသို့ ပြန့်နှံ့ပြီး နိုင်ငံမဲ့ဖြစ်စေ၊ မည်သည့်နိုင်ငံသားဖြစ်စေ ဥပဒေအရ မိမိတို့၏ ဘိုးဘွားပိုင်နက် ချင်းပြည်နယ်ဒေသများကို ခံစားပိုင်ဆိုင်ခွင့်ရရှိစေရပါမည်။

(၃) ချင်းလူမျိုးများနှင့် ချင်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ထူထောင်ရာတွင် ပါဝင်ခဲ့သော လူမျိုးနှင့် ပြည်နယ် ဖြစ်သောကြောင့် ပင်လုံစာချုပ်အနှစ်သာရ အစစ်အမှန်ကို ပြည်ထောင်စုလူမျိုးများအားလုံးက အကောင်အထည်ဖေါ် လေးစား လိုက်နာကြရန်အတွက် တောင်းဆိုပါသည်။

(၄) ချင်းလူမျိုးများသည် မိမိတို့၏ အုပ်ချုပ်ရေးစနစ်ကို ဒီမိုကရေစီနည်းကျ အုပ်ချုပ်သောစနစ်ကို ရွေးချယ်ဆုံးဖြတ်ထားပြီး ဖြစ်သောကြောင့် စစ်အုပ်ချုပ်ရေးစနစ်ကို လုံးဝအလိုမရှိပါ၊ ဒီမိုကရေစီ စနစ်အောင်မြင်သည်အထိ အဖက်ဖက်မှ နည်းလမ်းပေါင်းစုံဖြင့် တိုက်ပွဲဝင်သွားမည်ဖြစ်ပါသည်။

(၅) ပြည်ထောင်စုမြန်မာနိုင်ငံတော်မပြိုကွဲရေး၊ လူ့အခွင့်အရေးများပြည့်ဝစွာခံစားခွင့် ရရှိရေး၊ ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးအတွက် အမျိုးသားချင်းပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေးမူပေါ်တွင် အခြေခံကာ စစ်အုပ်စု၊ အနိုင်ရပါတီများ၊ တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးသောနည်းဖြင့် နိုင်ငံရေးအဖြေကို ရှာကြရန် တိုက်တွန်းလိုက်ပါသည်။